mgyoe.com

SAMPLE BOOK

ကမ္ဘာကြည့်ကြည့်မြင် အနုပညာရှင်

# ဓားတန်းဦးသန့်

ဓါးတန်းဦးသန့်

ဆူးငှက်

မြ၄ဝရ၊သာ၊သည်




mgyoe.com

mgyoe.com SAMPLE BOOK

ဓားတန်းဦးသန့်(ကိုသန့်)အပါအဝင် ကိုဘညိန်း(မြို့မငြိမ်း)၊ ကိုဘငွေ၊
ကိုဘသက်၊ ကိုလှဒင်၊ ကိုမြသိန်း၊ ကိုရင်လေး၊ ကိုဘဒင်၊ ကိုဘကြင်၊ ကိုအုံး
စသည့် လူငယ်များ စုစည်းတည်ထောင်သည့် မြို့မတူရိယာအသင်းသည်
မူလက ဗုဒ္ဓဝေယျာဝစ္စ အပျော်တမ်းတူရိယာအသင်း ဟု အမည်ပေးကာ
တီးမှုတ် သီဆိုဖျော်ဖြေမှုအတွက်သာ ဟု ယူဆနိုင်သော်လည်း ဓားတန်းကိုသန့်
နှင့် မြို့မငြိမ်းဖြစ်လာမည့် ကိုဘညိန်းတို့၏ ဂီတပါရမီနှင့်
ဂီတလေ့လာအားများက ရေရှည်မျှော်ကြည့်သော အမြင်များရှိကြောင်း
အသင်း၏ ရည်ရွယ်ချက်(၆)ရပ်တွင် တွေ့ရှိနိုင်သည်။

ကမ္ဘာကြည့်ကြည့်မြင် အနုပညာရှင်

ဓားတန်းဦးသန့်

ဆူးငှက်

မြ ၄ ဝ ရ း ဆ ာ း ဆ ည်

SN- 3000 Ks

9 248480 502138

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
တာအုပ်အစီအစဉ် ၅၀၃

# ကမ္ဘာကြည့်ကြည့်မြင် အနုပညာရှင်
# ဓားတန်းဦးသန့်

ဆူးငှက်

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၂၅၄၈ ၄၈ ၀၄၈။
e-mail: theeras2001@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ကမ္ဘာကြည့် ကြည့်မြင် အနုပညာရှင်

ဓားတန်းဦးသန့်

ဆုးငှက်

ပထမအကြိမ်၊ မတ်၊ ၂၀၂၂။

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၃၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊ အမှတ် ၁၈၄(ဘီ)၊ ၃၁လမ်း(အထက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မှတ်သုန်၏ ပန်းချီကို အုံ့ဘွယ်ဇင် ဒီဇိုင်းပြုလုပ်သည်၊ **ကွန်ပျူတာစာစီ** သရဖီ။**စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

ဓားတန်းဦးသန့် မိသားစုကိုယ်စား အမှာစာ – ဦးသန်းထွန်း ၇

**အခန်း ၁**

- အနုပညာရှင် ၁၇
- မြို့မ အစ ၁၉
- ဂီတပါရမီ ၂၀
- မျိုးနွယ်ဆက် ၂၁
- ဆွေကြီး မျိုးကြီး ၂၂
- ဒေဝဣန္ဒြာနှင့် စိန်ဗေဒါ ၂၄
- စိတ်ကူးသစ်၊ အတွေးသစ် ၂၅
- ဆင်ဖိုနီအမှတ် ၅ ၂၆
- ဘုံပျံနေနန်း ၂၈
- ချစ်သမျှကို စန္ဒရားတီးကွက် ၂၉
- ဓားတန်းဦးသန့်၏ ပန်းမြိုင်လယ် ၃၂

**အခန်း ၂**

- အနုပညာ အမြွှာ ၃၅
- မြို့မငြိမ်းနှင့် ၃၆
- အမြင်တူ ရည်ရွယ်ချက်တူ ၃၈

mgyoe.com

mgyoe.com SAMPLE BOOK


- ပါရမီတော်နှင့် အလှူ ၁၊ ၂ ၄၀
- မင်္ဂလာမောင်မယ် ၄၁
- မိုးဆီသို့ ၄၂
- မြန်မာ့ဂီတပွဲတော် ၄၂

**အခန်း ၃**

- ဂီတ မျဉ်းပြိုင် ၄၅
- ဆိုင်းဝိုင်းကြီး၏ ဂီတအလှ ပျက်စီးသွားမှာ ၄၇
- ဓားတန်းဦးသန့်၏ 'ချစ်သမျှကို' စန္ဒရားတီးကွက် ၄၈
- ကိုယ်ဖြစ်ချင်တာ ဒါမျိုးပဲ ၄၈
- ဝါသနာပါ လိုက်စားသူ ပညာရေးသမားစစ်စစ် ၅၀
- ရင့်တဲ့ သုခုမဆရာဟာ တရားဟောရတာ ဆိုပြီး ၅၀
- မန္တလေးရုပ်ရှင်လီမိတက် ၅၂
- သူ့အတွေး၊ သူ့အမြင်များကို
  လက်တွေ့သဘော ခံစားတင်ပြရန် ၅၄
- ရုပ်ပုံတစ်ခုမှ ဖြန့်ကြက်ကာ ရသခံစားနိုင်ပုံ ၅၅

**အခန်း ၄**

- အနုပညာ အယူအဆ ၆၇
- မြန်မာ့ဂီတ အစဉ်အလာ ၆၈
- နိုင်ငံတကာ တူရိယာပစ္စည်းများ ရှိခဲ့ပါက ၆၉
- ပကတူ ပနိသျ သဘော ၇၁
- သစ်ကုန်သည် ဖြစ်သော်လည်း ၈၂
- ဉာဏ်ဆိုတဲ့သဘော၊ ပညာဆိုတဲ့သဘော ၈၄
- ပါရမီနဲ့လာတဲ့ အနုပညာရှင်၊ ခေတ်မီတဲ့ အနုပညာရှင် ၈၅

ဓားတန်းဦးသန့် (အေဒီ ၁၉၀၇–၁၉၈၈) ၈၇
ဓားတန်းဦးသန့်၏ ဆွေစဉ်မျိုးဆက်ဇယား ၉၀


mgyoe.com

mgyoe.com SAMPLE BOOK

## စားတန်းဦးသန့် မိသားစုကိုယ်စား အမှာစာ

ကျွန်တော် Breakfast စားနေခိုက် အိမ်က ကူညီလုပ်ကိုင် ဆောင်ရွက်ပေးနေသည့် ကလေးမလေးက စာအုပ်နှင့်အတူ Attached လုပ်ထားသည့် စာလေး လာပေးပါသည်။ စာရေးဆရာ ဆူးငှက်က ပို့လိုက်ကြောင်း၊ မိန်းကလေးတစ်ယောက် လာပေးသွားကြောင်း ပြောပါသည်။ စာကို ဖတ်ကြည့်လိုက်ရာ ဆရာက 'ဖုန်းခေါ်တာ မရလို့ပါ'ဟု အစချီ ရေးထားသည်။ ကျွန်တော် ရေချိုးနေခိုက်မို့ ဖုန်းပိတ်ထားခြင်း ဖြစ်သည်။

စာကို ဆက်ဖတ်ကြည့်ရာ 'အခုစာမူလေး ဖတ်ကြည့်ပေးပါ။ မှားတာ ပြင်ပေးပါ' တဲ့။ ထိုအခါမှ ကျွန်တော် မျက်လုံးပြူးသွားသည်။ နိုင်ငံသိ စာရေးဆရာကြီးတစ်ဦးက ငါလို ဘာမဟုတ်တဲ့လူကို မှားတာ ပြင်ပေးဟု ဘာ့ကြောင့်များ ရေးပါလိမ့်ဟု သံသယဝင်ပြီး စာဆက်မဖတ်တော့ဘဲ စာအုပ်အဖုံးကို ဖွင့်ကြည့်လိုက်ရာ 'ကမ္ဘာကြည့် ကြည့်မြင်အနုပညာရှင် စားတန်းဦးသန့်'ဟု ရေးထားသော ခေါင်းစဉ်ကို ဖတ်လိုက်ရမှ တော်ပါသေးရဲ့ ဟု စိတ်သက်သာသွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်သက်သာရခြင်း အကြောင်းမှာ ဆရာဆူးငှက်သည် အကြိမ်များစွာ ကျွန်တော့်ဖခင်၏ သုခုမ အနုပညာစွမ်းရည်များကို စံတော်ချိန်၊ ကြေးမုံ၊ မန္တလေးနေ့စဉ် စသော သတင်းစာများနှင့် အခြား စာစောင်များတွင် ဖော်ပြရေးသားလေ့ရှိပြီး ဆောင်းပါးများကို ဖတ်မိတိုင်း အမှားဟူ၍ မတွေ့သောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ မသိသည့် အချို့ အကြောင်းအရာများကိုပင် ဆရာက ရေးသားဖော်ပြတတ်သည်။ ဆရာ့စာမူကို စိတ်ဝင်စားစွာ အစအဆုံး ဖတ်ကြည့်ရာတွင် ကျွန်တော် ထင်ထားသည့်အတိုင်း ဖြစ်နေသောကြောင့် ဝမ်းသာရသည်။

စာကို ဆက်ဖတ်ရာ 'မိသားစုအနေနှင့် အမှာစာလေး ချီးမြှင့်ပေးပါ ခင်ဗျား' တဲ့။ သည်ကိစ္စက ပိုပြီး ထိတ်လန့်စေပါသည်။ ကျွန်တော်သည် ဝါသနာအလျောက် ဗုဒ္ဓ ဓမ္မလောက စာစောင်များနှင့် နှစ်လည်မဂ္ဂဇင်းများတွင် အခါအားလျော်စွာ ဘာသာရေးဆောင်းပါးများ ရေးဖူးပါသည်။ မိမိ နယ်ကောလိပ်များသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသည့်အခါ ထိုကောလိပ်တို့မှ ထုတ်ဝေသော နှစ်လည်မဂ္ဂဇင်းများတွင်လည်း ဘာသာရေးဆောင်းပါးများ ရေးဖူးပါသည်။ အမှာစာကိုတော့ တစ်ခါမှ မရေးဖူးပါ။

စာအုပ်ဖတ်သည့် အခါတွင်လည်း များသောအားဖြင့် အမှာစာကို ကျော်ပြီး ဖတ်လေ့ ရှိသည်။ သည်တစ်ချီတော့ ငါ ဝင်ရှုလည်ပြီဟု သံဝေဂ ရမိပါသည်။ သို့သော် ဆရာကဲ့သို့သော လေးစားရသည့်သူက တောင်းဆိုခြင်း ဖြစ်သောကြောင့် မရေးမဖြစ် ကြိုးစားပြီး ရေးလိုက်ပါသည်။

ဆရာ့စာမူကို ဖတ်ကြည့်တော့မှ ဖေဖေ၏ အနုသုခုမ စွမ်းအားကို ပိုမို သိခွင့်ရပါတော့သည်။ ဖခင်ကြီးက သူ့အကြောင်းကို သားသမီးများအား ဖွင့်ပြောလေ့ မရှိပါ။ ဟံသာဝတီ သတင်းစာတိုက် စနေစာပေဝိုင်းတွင် စာတမ်းဖတ်စဉ်ကလည်း ကျွန်တော်တို့ကို လုံးဝ အသိမပေးပါ။ အခြားသူများကိုလည်း သူ့အကြောင်း ပြောပြလေ့ မရှိပါ။ မေးသူရှိလျှင်တော့ မဆောမပန်း တရစပ် ပြောပြတတ်ပါသည်။ ဖေဖေ့မိတ်ဆွေ အတော်များများ ပြောပြသည်မှာ 'ဦးသန့်က သူ တော်တာ တတ်တာတွေ ဘယ်သူ့ကိုမှ ပြောလေ့မရှိဘူး။ ထင်ပေါ်ကျော်ကြားတဲ့ဘဝကို မလိုလားသူပါ'

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောကြပါသည်။

တစ်ချိန်က အမေမာ (လူထုဒေါ်အမာ) က ဖေဖေ့ကို 'ဦးလေးသန့်ရှင်းကို ကျွန်မ ရေးချင်တာ'ဟု ပြောသည့်အခါ ဖေဖေက 'ခင်ဗျား ကျွန်တော့်အကြောင်းကို ရေးရင် မကောင်းတာတွေချည်း ရေးနေရမှာပေါ့'ဟု ပြောသဖြင့် အမေမာလည်း ရှေ့စကားဆက်ဖို့ ခက်သွားသည် ဆို၏။

၁၉၉၅ ခုနှစ် ကျွန်တော် ပင်စင်ယူပြီးချိန်တွင် ကျုံးအေးသို့ မနက်တိုင်း လမ်းလျှောက်ထွက်ပါသည်။ တစ်နေ့တွင် အမေမာနှင့် လမ်းလျှောက်ရင်း တွေ့ဆုံရာ အမေမာက 'သားတို့ ဖေဖေအကြောင်း အမေက ရေးချင်တာ။ သားတို့ ဖေဖေက လူထူးလူဆန်းကြီးကွယ့်။ သူများ မမြင်တဲ့အချက်တွေ၊ သူများ မမြင်တဲ့ အကြောင်းအရာတွေကို သူက မြင်တယ်၊ သိတယ်။ အမေ့ကို ကူညီကြပါ'ဟု ပြောသည်။ ဖေဖေ့ဓာတ်ပုံများ ရှိလျှင်လည်း ငှားရန် ပြောသည်။

အမေမာ၏ စီစဉ်မှုဖြင့် တစ်ချိန်က လူထု ကြီးပွားရေးတိုက်သို့ ကျွန်တော်၊ မမညွန့် (အစ်မအကြီးဆုံး)၊ ဒေါ်ကြင်သန်း (ဦးကိုကိုကြီး၏ ဇနီး) နှင့် ဦးလေးပေါ (မြို့မကိုပေါ) တို့ သွားရောက်တွေ့ဆုံပြီး အမေမာနှင့် Interview လုပ်ဖူးပါသည်။ ကျွန်တော်တို့က ဖေဖေ၏ မျိုးရိုးစဉ်ဆက်အကြောင်း၊ ဦးလေးပေါက ဂီတ ရုပ်ရှင်နှင့်စပ်သောအကြောင်းကို အမေမာ မေးသမျှ ဖြေကြားခဲ့ကြသည်။ အမေမာ ဖေဖေ့အကြောင်း ရေးတာ လက်စသတ် ပြီးစီးသွားသလား မသိရပါ။

ထိုကိစ္စနှင့်ပတ်သက်၍ အမေမာ၏သား စာရေးဆရာ ညီပုလေးထံ သွားရောက်စုံစမ်းတော့ လူထုကြီးပွားရေးတိုက်ဟောင်းနှင့် တိုက်သစ်ပြောင်းစဉ် စာမူများ မူလက မည်သည့်နေရာတွင် ထားမိကြောင်း ကောင်းကောင်း မမှတ်မိကြသဖြင့် ပြန်လည်ရှာဖွေရာတွင် မတွေ့တော့ကြောင်း ဆရာညီပုလေးက ပြောပြပါသည်။ ဆရာညီပုလေး ပြောပြချက်အရ အမေက စာမူများကို စာစီသူတို့ထံ စာအုပ်ရိုက်လျှင် ရနိုင် မရနိုင် မေးပုံ၊ စာစီသူတို့က စာဖောင်ပြည့်ရန် အနည်းငယ် လိုသေးကြောင်း ပြောသည်ကို သူ မှတ်မိကြောင်း ကျွန်တော့်အား ပြောပြပါသည်။

မည်သို့ပင်ဖြစ်စေ၊ ယခု ဆရာဆူးငှက်ပြုစုသည့် 'ကမ္ဘာကြည့်

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်မြင် အနုပညာရှင် ဓားတန်းဦးသန့် ' စာအုပ်သည် လိုနေသည့် ကွက်လပ်ကို တစ်တပ်တစ်အား ဖြည့်ပေးသကဲ့သို့ ရှိသဖြင့် ကျွန်တော်နှင့် တကွ မောင်နှမ မိသားစုအားလုံးက ဆရာ့ကို အထူး ကျေးဇူးတင်ကြောင်း ရေးသား တင်ပြလိုက်ပါသည်။

မိသားစု ကိုယ်စား

**ဦးသန်းထွဋ်**

(ဓားတန်းဦးသန့် သား)

mgyoe.com

mgyoe.com SAMPLE BOOK

# ကျေးဇူးတင်လွှာ

'ကမ္ဘာကြည့် ကြည့်မြင် အနုပညာရှင် ဓားတန်းဦးသန့်' စာမူ ရေးသားဖြစ်ရန် မကြာခဏ တိုက်တွန်းသော ဆရာ ဒေါက်တာအောင်ကြီး၊ အချက်အလက်နှင့် ဓာတ်ပုံများ အတွက် အကူအညီပေးသော ဆရာကြီး ဦးသန်းထွဋ် (ဓားတန်းဦးသန့် သား)၊ ဦးဇော်မြင့်–ရီမြင့်ရုပ်ရှင် (ဓားတန်း ဦးသန့် မြေး)၊ ကိုဒိုင်းအောင် (ဓားတန်းဦးသန့် မြေး) နှင့် ဓားတန်းဦးသန့် မိသားစု၊ ဆရာ ဦးရွှန်းမြိုင် (မြို့မငြိမ်း သား) နှင့် စာအုပ်ထုတ်ဝေရန် ကူညီအားပေးသည့် ဆရာ ကြည်လင်အေးတို့အား အထူး ကျေးဇူးတင်ရှိပါသည်။

**ဆူးငှက်**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ကျေးဇူးရှင် စာပေမိခင်ကြီး
ဒေါ်ဒေါ် လူထုဒေါ်အမာသို့ ...
ဒေါ်ဒေါ်၏ခြေဖဝါးက မြေမှုန်လေးမျှ အစွမ်းအစဖြင့်
ယခုစာမူကို ပြုစုကာ ရိုသေစွာ ကန်တော့အပ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

m g y o e . c o m
SAMPLE BOOK

ကိုဒိုင်းအောင် ... သို့

m g y o e . c o m

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁
# အနုပညာရှင်

'ကျွန်တော် ပြောနေတဲ့ ခံစားချက် ဆည်းပူးနေတယ် ဆိုတာပင်၊ စင်စစ်တော့ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာသဘော၊ သတိပဋ္ဌာန်သဘောပဲ ဖြစ်ပါတယ်။ မိမိတို့ ဘယ်လိုအာရုံတွေနှင့် တွေ့တဲ့အခါ ဘယ်လိုစိတ် ပေါ်တယ်၊ ဘယ်လိုစိတ်တွေကြောင့် ဒုက္ခ၊ သုခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ စတဲ့ ဘယ်လို ဝေဒနာတွေ ပေါ်တယ်ဆိုတာ ပွားများနေတာပဲ ဖြစ်ပါတယ်။ အဲဒီလို ပန်းချီတို့၊ ပန်းပုတို့၊ ဂီတတို့၊ သီချင်းတို့၊ ကဗျာ၊ ဓာတ်ပုံ စသည်တို့ကို အရသာခံတတ်ရင် ပညာရှင်တစ်ဦး ဖြစ်ပါပြီ။ ဒါပေမဲ့ သုခုမပညာရှင်က အရသာခံရုံတင် မဟုတ်ပါဘူး။ မိမိတို့ စားရတဲ့ အရသာကိုပဲ ပန်းချီ၊ ပန်းပု၊ ဂီတ၊ လက်ာ၊ ဓာတ်ပုံ၊ သီချင်း စသည့် မိမိတို့အစွမ်းပညာနှင့် သူတစ်ပါးတို့ကို အရသာခံနိုင်အောင် တစ်ဆင့် ဖောက်သည်ချတတ်ရပါသေးတယ်'

**အနုပညာရသ**
**မောင်တင်ဦးသန့်**

mgyoe.com

mgyoe.com
SAMPLE BOOK



ဓားတန်းဦးသန့်

လွန်ခဲ့တဲ့ ၄၅ နှစ်ကာလ ... တိတိကျကျဆိုရလျှင် ၁၉၇၆ ခုနှစ် မေလ ၂၂ ရက်နေ့က မန္တလေး ဟံသာဝတီ သတင်းစာတိုက်၊ ဘိုးဝဇီရ ခန်းမတွင် ကျင်းပသော စနေစာပေဝိုင်း၌ 'အနုပညာရသ' အမည်နှင့် စာတမ်းတစ်စောင်ကို ဓားတန်းဦးသန့်က တင်သွင်း ဖတ်ကြားခဲ့လေသည်။

ထိုအချိန်က ဘိုးဝဇီရခန်းမ၏ စနေစာပေဝိုင်းများမှာ နာမည်ကြီး လှသည်။ အထူးသဖြင့် အတွေးအခေါ်နှင့် သက်ဆိုင်သော ခေတ်ပြိုင် စာပေရေးရာများကို စာတမ်းဖတ်ကြား ဆွေးနွေးကြသဖြင့် လှုပ်လှုပ် ခတ်ခတ်ချည်း ဖြစ်ကြသည်။ အခု ... ဓားတန်းဦးသန့်၏ စာတမ်းက လည်း မထင်မှတ်ဘဲ လှုပ်ခတ်သွားသည်။ သဘောမတူ ငြင်းခုံဆွေးနွေးဖို့ မဟုတ်။ သတိပြု ဆင်ခြင်ဖွယ် ထိုးထွင်းသိမြင် အတွေးအခေါ်မို့ ဖြစ် သည်။ သုခုမပညာရှင်တိုင်း သို့မဟုတ် အနုပညာရှင်တိုင်းအတွက် အလေးအနက် ခံယူဖွယ် သဘောထားများလည်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မြို့မ အစ

တကယ်တော့ ဓားတန်းဦးသန့်ကို ၁၉၇၆ ခုနှစ်မှ စာတမ်းတစ်စောင်တစ်ဖွဲ့အနေနှင့် ရေးသားတင်သွင်း ဖတ်ကြားသဖြင့် တအံ့တသြ သတိမူရမည့်ပုဂ္ဂိုလ် မဟုတ်မူဘဲ၊ မန္တလေးသားများအနေဖြင့် ဓားတန်းဦးသန့်၏သုခုမဆိုင်ရာ အတွေးအခေါ်၊ အပြုအမူ အတိမ်အနက်ကို ၁၉၇၆ ခုနှစ်၏ရှေ့ပိုင်း နှစ် ၅၀ ဝန်းကျင်ကတည်းက သတိပြုမိပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှေးရိုးစဉ်လာ တူရိယာပစ္စည်းများဖြင့် အရိုးအသားပီပီသသ တီးမှုတ်သီဆိုခဲ့သော မြန်မာ့ဂီတကို အနောက်တိုင်းတူရိယာပစ္စည်းများ၊ ကမ္ဘာသုံး သင်္ကေတများ၊ အနောက်နိုင်ငံစနစ်သုံး ဝိုင်းဖွဲ့ပုံစံများဖြင့် ခင်းကျင်းပြခဲ့သည့် 'မြို့မ ဗုဒ္ဓဝေယျာဝစ္စ တူရိယာအသင်း'ကို ၁၉၂၅ ခုနှစ်တွင် စတင် သန္ဓေတည်၍ ၁၉၂၈ ခုနှစ်တွင် အပီအပြင်ဖွဲ့စည်းရာ၌ ဓားတန်းဦးသန့်က လက်မွန်မဆွ ဦးဆောင်ပါဝင်ခဲ့သောကြောင့် ဖြစ်ပါ၏။

၁၉၂၅ ခုနှစ်ကတည်းက စတင် ဖွဲ့စည်းခဲ့သော မြို့မတူရိယာအသင်း၏ စည်းမျဉ်းဥပဒေကို ၁၉၂၈ ခုနှစ်တွင် စနစ်တကျ ရေးဆွဲပြီး အဓိကအကျဆုံးသော ရည်ရွယ်ချက်များကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ကြသည်။

အဆိုပါ ရည်ရွယ်ချက်များမှာ–

(က) မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေး၊

(ခ) ကမ္ဘာသုံးတူရိယာများ လေ့လာ သင်ကြား တတ်မြောက်ရေး၊

(ဂ) Music Note အမှတ်အသားပညာဖြင့် ရေးထားသော တူရိယာပညာကို ဆည်းပူးလေ့လာရန်၊

(ဃ) ကမ္ဘာ့ခေတ်မီ တူရိယာဝိုင်းကြီး ဖြစ်မြောက်ရေး၊

(င) ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော Music Note ပညာဖြင့် ကူးပြောင်း လေ့လာရန်

(စ) မြန်မာနိုင်ငံတော်အတွင်း တူရိယာအသင်းများက ဆက်သွယ်ပါလျှင် တတ်အားသမျှ အားပေးကူညီရန် ... ဟူ၍ ဖြစ်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK




မြို့မ ဗုဒ္ဓဝေယျာဝစ္စ တူရိယာအသင်း

## ဂီတပါရမီ

ဓားတန်းဦးသန့် (ကိုသန့်) အပါအဝင် ကိုဘညိန်း (မြို့မငြိမ်း)၊ ကိုဘငွေ၊ ကိုဘသက်၊ ကိုလှဒင်၊ကိုမြသိန်း၊ ကိုရင်လေး၊ ကိုဘဒင်၊ ကိုဘကြင်၊ ကိုအုံး စသည့် လူငယ်များ စုစည်းတည်ထောင်သည့် မြို့မတူရိယာအသင်းသည် မူလက ဗုဒ္ဓဝေယျာဝစ္စ အပျော်တမ်း တူရိယာအသင်းဟု အမည်ပေးကာ တီးမှုတ် သီဆို ဖျော်ဖြေမှုအတွက်သာဟု ယူဆနိုင်သော်လည်း ဓားတန်းကိုသန့်နှင့် မြို့မငြိမ်း ဖြစ်လာမည့် ကိုဘညိန်းတို့၏ ဂီတပါရမီနှင့် ဂီတလေ့လာအားများက ရေရှည်မျှော်ကြည့်သော အမြင်များရှိကြောင်း အသင်း၏ ရည်ရွယ်ချက် ဖ ရပ်တွင် တွေ့ရှိနိုင်သည်။ (ရွာစားကြီးစိန်ဗေဒါက ပညာထူးချွန်သူ ကိုသန့်ကို ချစ်စနိုးဖြင့် မောင်မောင်ဟု ခေါ်တတ်ပါ၏)

ဤသို့ ဂီတနှင့်စပ်ဆိုင်ရာ ပညာရေးမဏ္ဍိုင် ခိုင်မာစေမည့် ရည်ရွယ်ချက်များသာမက ခိုင်မာသော အုပ်ချုပ်ရေးမဏ္ဍိုင် ဖြစ်ပေါ်ရေးအတွက်

mgyoe.com

mgyoe.com SAMPLE BOOK

လည်း အပျော်တမ်း အသင်းသား၊ အမှုဆောင်နှင့် နာယက အရည်အချင်းများကို စနစ်တကျ တူရိယာအသင်းက ချမှတ်ခဲ့သည်။

အသင်းသို့ အသင်းသားအဖြစ် ဝင်ရောက်သူသည် ဂီတပညာရပ်ကို စနစ်တကျ လေ့လာသင်ယူပြီး ဂီတအလုပ်ကို အသင်းတွင် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ စွဲမြဲစွာ လုပ်ကိုင်ရမည်။ ထို့နောက် အခြေခံ အသင်းသားကတည်းက အမှုဆောင်ဖြစ်ထိုက်သူကိုလည်း သတ်မှတ်ခဲ့သည်။ အမှုဆောင်က အသင်း၏ မျိုးနွယ်ဆက် ဖြစ်ရမည်။ မျိုးနွယ်ဆက်ဟု ဆိုရာ၌ 'အနုသုခုမဂီတကို ပါရမီ၊ ပညာ၊ ဝါသနာတို့ကို အခြေခံတတ်မြောက်လျက် စတင်တည်ထောင်ခဲ့သော ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့်အတူ အသင်းအား တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးတို့၏ မျိုးဆက်များဖြစ်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် အသင်း တိုးတက်သည်ဖြစ်စေ၊ ဆုတ်ယုတ်သည်ဖြစ်စေ၊ မပစ်မခွာ ကောင်းတူဆိုးဖက် အနစ်နာခံလျက် အသင်းအကျိုးကို အဓိကထား၍ လက်တွဲဆောင်ရွက်သူများကို ဆိုလိုသည်'လို့ သတ်မှတ်ခဲ့သည်။ ထိုသို့ အရည်အချင်းရှိမှ အမှုဆောင်ရွေးချယ်ခွင့် ရှိရမည်။

## မျိုးနွယ်ဆက်

အမှုဆောင်ဖြစ်ထိုက်သူ ဆိုသည်မှာလည်း 'အသင်း၏ ရည်ရွယ်ချက်ကို အဓိကထားလျက် သီဆို တီးမှုတ်မှုတွင် အကျိုးခံစားမှုကို မယူဘဲ အထူးသဖြင့် အသင်း၏ မျိုးနွယ်ဆက်များထဲမှ နောင်သောအခါ နာယကအဖွဲ့ဝင် ဖြစ်နိုင်မည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖွဲ့စည်းထားသော အလုပ်အမှုဆောင်အဖွဲ့မှ ပုဂ္ဂိုလ်ကို ဆိုလိုသည်'ဟု သတ်မှတ်ခဲ့သည်။

ထိုသို့ အခြေခံများ ခိုင်မာအောင် တည်ဆောက်ပြီးမှ ပဲ့ကိုင် ဦးဆောင်မည့် နာယကကို (က) အသင်းတည်ထောင်သူများ၊ (ခ) ထိုပုဂ္ဂိုလ်များနှင့် တစ်ဆက်တည်းအားဖြင့် အသင်းတည်တံ့ခိုင်မြဲစေရန် စဉ်ဆက်မပြတ် စောင့်ရှောက်ထိန်းသိမ်း လုပ်ကိုင် ဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များဆိုသော အရည်အချင်းများနှင့် သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ဓားတန်းဦးသန့်တို့ ဦးဆောင်ဖွဲ့စည်းကြသည့် မြို့မ

mgyoe.com

mgyoe.com SAMPLE BOOK


တူရိယာအသင်းသည် တီးမှုတ် သီဆို ညှော့ခံဖျော်ဖြေမှု ဟူသော သမားရိုးကျ ဂီတအသင်းတစ်သင်း မဟုတ်မှုဘဲ ရေရှည်အတွက် ထူးခြားသစ်လွင် အဆင့်အတန်းမြင့်သော ဂီတအလုပ် လုပ်ကိုင်ဆောင်ရွက်ရန် ဟူသည်မှာ သေချာလှသည်။ ထိုရည်ရွယ်ချက်နှင့် အလုပ်အကိုင်များကား မြို့မအသင်းသား စားတန်းကိုသန့် ဦးဆောင်မှုဖြင့် မြို့မအသင်းသား ကိုဘညိန်း ခေါ် မြို့မငြိမ်းတို့၏ ဂီတလေ့လာအားနှင့် စေတနာတို့ပင် ဖြစ်သည်။

## ဆွေကြီး မျိုးကြီး

စားတန်းဦးသန့်ကို မန္တလေးမြို့၏ မျက်နှာဖုံး သစ်ကုန်သည် သူဌေးဦးစိုးလေးနှင့် ဒေါ်ပုတို့က ၁၂၆၈ ခု တပို့တွဲလဆန်း ၆ ရက်နေ့တွင် မန္တလေးမြို့ စားတန်းဝင်း၌ မွေးဖွားခဲ့သည်။ ဦးစိုးလေး ၃၆ နှစ်အရွယ်တွင် ၁၆ နှစ်သမီး ဒေါ်ဒေါ်ပုနှင့် အိမ်ထောင်ပြုသည်။ သီပေါမင်းပါတော်မူစဉ်က ဒေါ်ဒေါ်ပုမှာ ၉ လသမီးသာ ရှိသေးသည်။ ဦးစိုးလေးနှင့် ဒေါ်ဒေါ်ပုတို့မှာ မန္တလေးနှင့် စစ်ကိုင်းရှိ ခေမာသီဝံကျောင်းတိုက်၏ ဒကာ၊ ဒကာမများ ဖြစ်သည်။ ဦးစိုးလေး၏မိဘများက ရေတွင်းဒကာကြီး ဦးရွှန်းနှင့် ဇရပ်အမကြီး ဒေါ်မိန်းကလေးတို့ ဖြစ်သည်။ မြန်မာမင်းများလက်ထက်က သောက်သုံးရေနှင့် ချိုးရေအတွက် ရေတွင်းကြီးများကို အားကိုးရရာ ရေတွင်းဒကာဟူသည် ရပ်ကွက်တိုင်းစေ့ ရေတွင်းကြီးများ အပြီးအစီး တူးဖော်လှူဒါန်းသည့် အလှူ့ရှင် ဖြစ်သည်။ ဒေါ်မိန်းကလေးက ဇရပ်ချည်း ၂၆ လုံး လှူဒါန်းသဖြင့် ဇရပ်အစ်မကြီးဟု ထင်ရှားသည်။ ဦးရွှန်းနှင့် ဒေါ်မိန်းကလေးမှာ အင်းဝတွင် လက်ဖက်ဖြင့် စီးပွားဖြစ်ကာ ချမ်းသာကြွယ်ဝကြသည်။ ဦးရွှန်းနှင့် ဒေါ်မိန်းကလေးက သားသမီး ၈ ယောက် ထွန်းကားရာ မွေးချင်းများတွင် မန္တလေးမြို့၏ သူဌေးစာရင်းဝင် ဟသ်ပဒါး ဦးကျော်နှင့် ရတနာပုံဆိစက် သူဌေး ဦးသိန်းတို့ ပါဝင်သည်။ ဦးသိန်း၏ဇနီး ဒေါ်ဒေါ်ဝိက မစိုးရိမ်ကျောင်းတိုက်ဒကာကြီး ဦးသက်ရှည်၏သမီး ဖြစ်သည်။ မွေးချင်းများ၏ အမည်များမှာ ဦးသာ၊ ဦးစိုးလေး၊ ဦးကျော် (ဟသ်ပဒါး)၊ ဒေါ်ဇင်၊ ဒေါ်ခင်၊ ဒေါ်သင်၊ ဦးလှိုင်၊ ဦးသိန်း

mgyoe.com

mgyoe.com SAMPLE BOOK



ဓားတန်းဦးသန့် နေအိမ်

(ရတနာပုံ) ဟူ၍ ဖြစ်သည်။

ဦးစိုးလေးနှင့် ဒေါ်ဒေါ်ပုက သားသမီး ၅ ယောက် ထွန်းကားရာ အကြီးဆုံးသား ကိုချစ်က ၁၆ နှစ်သားတွင် ကွယ်လွန်ပြီး ဒုတိယသား ကိုလှမောင်က ၉ နှစ်သားတွင် ကွယ်လွန်သည်။ ထို့အတူ တတိယသမီး မကြည်က ၁၈ နှစ်သမီးနှင့် စတုတ္ထသမီး မဇွန်းက ၁၄ နှစ်သမီးတွင် တစ်ရက်သာခြားပြီး ပလိပ်ရောဂါဖြင့် ကွယ်လွန်သောကြောင့် ပဉ္စမ မြောက်သား ကိုသန့် (ဓားတန်းဦးသန့်) တစ်ယောက်သာ သက်ရှည် ကျန်းမာစွာ အဖတ်တင် ကျန်ရစ်သည်။

ဓာတန်းဦးသန့် ၂၂ နှစ်သားအရွယ် ၁၉၂၈ ခုနှစ်တွင် အမရပူရ မြို့၊ တရုတ်တန်းရပ် ပိုးကုန်သည် ဦးလှနှင့် ဒေါ်ဒေါ်ကြိမ်တို့၏ ဒုတိယ သမီး ဒေါ်အေးမြင့်နှင့် အိမ်ထောင်ပြုရာ ညွန့်ညွန့်၊ ကိုကိုကြီး၊ ရီရီ၊ ကိုသန်းထွဋ်၊ ကိုကျော်ညွန့်၊ ကိုမြင့်သိန်း၊ ကြည်ကြည်၊ စန်းစန်းနှင့် နွယ်နွယ် ဟူ၍ သားသမီး ၉ ယောက် ထွန်းကားခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဒေဝဣန္ဒာ နှင့် စိန်ဗေဒါ

မားတန်းဦးသန့်သည် ငယ်စဉ်ကတည်းက ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသည်နှင့်အမျှ ဝါသနာသန်ရာ အနုပညာများကို နောက်ဆံမငင်ဘဲ လိုက်စားခဲ့သည်။ နေထိုင်ရာ တိုက်အပေါ်ထပ်တွင် မှန်စီရွှေချ မြန်မာဆိုင်းဝိုင်းကြီးတစ်ခုကို ဝယ်ယူတင်ထား၍ ရွာစားကြီးစိန်ဗေဒါကို အိမ်သို့ ပင့်ဖိတ်ပြီး မြန်မာ့ဂီတ၊ မြန်မာ့ဆိုင်းပညာကို သင်ယူခဲ့သည်။ အလားတူ မြန်မာ့စောင်းကိုလည်း ရွှေနန်းတော်ထွက် စောင်းဆရာကြီး ဒေဝဣန္ဒာ မောင်မောင်ကြီးထံက သင်ယူခဲ့သည်။ ဆရာကြီး၊ သမားကြီးများနှင့် လိုလိုလားလား မှတ်ယူသင်ကြားသည့်အပြင် ကိုယ်တိုင်ကလည်း ဗီဇ၊ ပါရမီအခံရှိသည့်အလျောက် သင်ပေးသမျှ အကောက်အယူ မြန်လွန်းသူ၊ ထက်မြက်လွန်းသူဟူ၍ အသိအမှတ်ပြုခံရသည်။

မြန်မာ့ဂီတ၊ မြန်မာဆိုင်းပညာကို ဒေဝဣန္ဒာ မောင်မောင်ကြီးနှင့် စိန်ဗေဒါကဲ့သို့သော ပညာရှင်ကြီးများထံမှ ကိုယ်ဖိရင်ဖိ သင်ယူနေစဉ် တစ်ဖက်မှာလည်း ခေတ်ပေါ် အကော်ဒီယံ၊ လေမှုတ်နှင့် စန္ဒရား အတီးပညာများကိုလည်း ကမ္ဘာသုံး သင်္ကေတနှင့် ဆရာကောင်း၊ သမားကောင်းများထံမှ ပေါက်မြောက်သည်အထိ သင်ယူခဲ့ပြန်သည်။ အနောက်တိုင်း တူရိယာနှင့် ကမ္ဘာသုံးသင်္ကေတဆိုင်ရာအတွက် မားတန်းဦးသန့်ကို နည်းပညာပေးခဲ့သူများမှာ မစ္စတာရီဂို၊ မစ္စတာဘော်ဘီ၊ မစ္စတာဒေးဗစ် စသူတို့ ဖြစ်သည်ဟု မှတ်သားရသည်။ မစ္စတာရီဂိုက အယ်လ်ဖင်စတုန်းရုပ်ရှင်ရုံ (ယခုရွှေတိုက်ရုံ) ဝင်းအတွင်း နေထိုင်သူဖြစ်ပြီး ရုပ်ရှင်တီးဝိုင်း စန္ဒရားဆရာဖြစ်ကာ 'ရီဂိုဗင်'ဟူသော တီးဝိုင်းနှင့် ဂီတသင်တန်းကျောင်း ဖွင့်လှစ်ထားသူ ဖြစ်သည်။ မစ္စတာဘော်ဘီက ထရန်းပက်သမားတစ်ဦးလည်း ဖြစ်သည်။ တူရိယာပစ္စည်းများ၊ ဂီတဆိုင်ရာ စာအုပ်စာတမ်းများ ရောင်းချသောဆိုင်မှ ဖြစ်သည်။ မစ္စတာဒေးဗစ်က နန်းတွင်းစစ်ဘင်ခရာတီးဝိုင်း ခေါင်းဆောင်ဟု ဆိုသည်။ မားတန်းဦးသန့်က အိမ်မှာလည်း စန္ဒရားရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**စိတ်ကူးသစ်၊ အတွေးသစ်**

မြန်မာ သီချင်းကြီးသီချင်းခန့်များကို စနစ်တကျ တတ်ကျွမ်းကျေညက်သည့်နည်းတူ ကမ္ဘာ့ဂီတဆိုင်ရာ ဂီတနည်းပညာများကိုလည်း လေ့လာတတ်မြောက်ထားပြီး စန္ဒရားနှင့် ပတ်သက်သမျှ တီးနည်းတီးဟန် (Piano Techniques) များကိုလည်း နားလည် တတ်ကျွမ်းသည့်အခါ၊ ဂီတသစ်အတွက် စိတ်ကူးသစ်၊ အတွေးသစ်များ ကွန့်မြူးလာသည်မှာ



တေးတန်းဦးသန့်

mgyoe.com

mgyoe.com SAMPLE BOOK

သေချာသည်။ ထို့ကြောင့်လည်း မြန်မာသီချင်းကြီးများကို စန္ဒရား သဘောပါသော ကမ္ဘာ့ဂီတဖွဲ့စည်းမှု နည်းစနစ်များဖြင့် ဖန်တီးချင်လာသည်။ ကမ္ဘာ့ဂန္ထဝင် ဂီတဆရာကြီးများ၏ ဂီတအဖွဲ့အနွဲ့များကို တရိုက်မက်မက် ရှာဖွေ တီးခတ်လေတိုင်း ထိုဆန္ဒ၊ ထိုအာသီသက ပွင့်ထွက်မတတ် ပြည့်တင်းလာသည်ချည်း ဖြစ်၏။

မြို့မ တူရိယာအသင်းကို စတင် ထူထောင်စဉ်က တယော၊ ဘင်ဂျို၊ မယ်ဒလင်၊ လက်ဆွဲဘာဂျာ၊ ပလွေ စသည့် တူရိယာပစ္စည်းမျှ ဖြစ်သော်လည်း အသင်းကို စနစ်တကျ ဖွဲ့စည်းပြီးသောအခါ စန္ဒရား အပါအဝင် အနောက်တိုင်း လေမှုတ်တူရိယာပစ္စည်းများဖြင့်လည်း တိုးချဲ့လာသည်။ (အသင်းဥက္ကဋ္ဌအဖြစ် တင်မြှောက်ထားသည့် အပေါင်ဆိုင် ပိုင်ရှင် ဦးတော်လုံက သူ့ထံရှိ အပေါင်ဆုံး လေမှုတ်တူရိယာ ပစ္စည်းများကို လှူဒါန်းခဲ့သည် ဆို၏)

အသင်းတွင် အနောက်တိုင်းတူရိယာများ အသုံးပြုလာခြင်းနှင့် အတူ အချိန်ရတိုင်း ဓားတန်းဦးသန့်၏တိုက် အပေါ်ထပ်တွင် စုဝေးကာ လမ်း ၈၀ အနောက်ကျုံးလမ်း မစ္စကွစ်ကုန်တိုက်က ဝယ်ယူလာသည့် အနောက်တိုင်း ဂီတဓာတ်ပြားများကို ဖွင့်ကာ နားထောင်ကြသည်။ များသောအားဖြင့် အနောက်တိုင်း ဂန္ထဝင်တေးကြီး ဘွဲ့ကြီးများကို နားထောင်ဖြစ်ကြသည်။ ထိုသို့ ဂီတဓာတ်ပြားများ နားထောင်ကြရုံသာမက အနောက်နိုင်ငံ စာအုပ်များ၊ စာစောင်များက ဂီတအကြောင်း စာပေများ၊ ဆောင်းပါးများကိုလည်း စုဝေးကာ ဖတ်ရှု နှီးနှောကြသည်မှာ နေ့စဉ် ညစဉ်လို ဖြစ်သည်။ ထို့ပြင် မြို့မအသင်းတိုက်အား သူပိုင် ဓားတန်းဝင်းထိပ်တွင် နှစ်ရှည်လများ နေရာပေးပြီး မြို့မ၏ ဂီတအလုပ်များကို ရင်အုပ်မကွာ မျက်ခြည်မပြတ် ကြည့်ရှု စောင့်ရှောက်ခဲ့သည်။

## ဆင်ဖိုနီ အမှတ် ၅

တစ်နေ့သ၌ ဗီသိုဗင်၏ ဆင်ဖိုနီအမှတ် ၅ ဘယ်လောက် ရသမြောက်သည်၊ ဘယ်လောက် သိမ်မွေ့နက်နဲသည် ဟူသော ချီးကျူးထားသည့် အနောက်တိုင်းစာစောင်က ဆောင်းပါးတစ်စောင်ကို ဖတ်ရှုရသော

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင့် ဓားတန်းကိုသန့်က မစ္စကွစ်ကုန်တိုက်က ဗီသိုဗင်၏ ဆင်ဖိုနီ ၁၂ လက်မ ဓာတ်ပြားတစ်တွဲ ဝယ်ပြီး မြို့မအသင်းသားများနှင့်အတူ အိမ်မှာဖွင့် နားထောင်သည်။ တေးသွားအလိုက် တူရိယာတို့၏အသက် ပါသည်ကိုတော့ သိသည်။ တူရိယာပစ္စည်း တစ်မျိုးချင်းအလိုက် ဘယ်နေရာလေး ကောင်းသည်ဟူလောက်ပဲ ပြောနိုင်သည်။ စိတ်ပါဝင်စားမှုတော့ မရှိကြ။ သုံးလေးကြိမ်မျှ နားထောင်အပြီး ပျင်းရိလာကြသည်။

နားထောင်သူတစ်စုက ဟန်လုပ်ကာ မှတ်စုစာအုပ်ဖွင့်၍ တောင်ခြစ် မြောက်ခြစ် လုပ်နေကြသော်လည်း ရေရေရာရာ မရှိလှ။ ထို့ကြောင့် ဓာတ်ပြားကိုရပ်ပြီး ဓာတ်ပြားအဖုံး အယ်လ်ဘမ်တွင် ပုံနှိပ်ဖော်ပြထားသည့် ဆင်ဖိုနီနှင့် မိတ်ဆက်စာကို ကိုမောင်မောင် (ဓားတန်းဦးသန့်) က ဖတ်ကြည့်သည်။ မိတ်ဆက်စာတွင် ဂီတသင်္ကေတများဖြင့် ဘယ်တေးသွားကို ဘယ်သို့ဖွဲ့ကာ ဘယ်တူရိယာက ဘယ်ကဲ့သို့ တီးခတ်တီးမှုတ်ကြောင်း ဖော်ပြထားသည်။ ထိုမိတ်ဆက်စာကို ဖတ်ကြည့်မှ ဆင်ဖိုနီ၏သဘောကို သိရှိသည်။ ထိုအသိဖြင့် ဓာတ်ပြားကို ပြန်နားထောင်တော့ အရသာပိုရှိကာ ပိုစိတ်ဝင်စားလာ ၏။

ဂီတက အနောက်နိုင်ငံ၏ရာသီ လေးလီကို ဖွဲ့ထားသည်ကိုး။ ရာသီဘွဲ့ ဆင်ဖိုနီ။ Winter ဆောင်းကို တယောအနွဲ့နှင့် Autumn ရာသီ သစ်ရွက်လေးတွေအကြွေ ဘယ်သံ ကလယ်ရီနက်၊ ဘက်ဆွမ်းစသည့် ငြီးငွေ့ဖွယ်အသံများ၊ Spring ရာသီမှာ သစ်ရွက်နုလေးတွေ မိုးနှင့်အတူ ထွက်ပြူလာပြီး ကျေးငှက်သာရကာတို့ အမြူးကို တယောညာသံနှင့် နှော့လိုက်၊ ကလယ်ရီနက် ညာသံလေး ပြေးဝင်လိုက် ထရမ်းပက်တွေက ဆော့လိုက်နှင့် မျက်စိထဲ မြင်ယောင်လာအောင် ဂီတကသရုပ်ဖော်သည်။ Summer နွေကျတော့ နွေဦးနှင့်ဟပ်သည့် Brass Section ကို Tuba ထရမ်ဘုန်းတို့၏ အငြိမ်းအခြောက်တွေနှင့် ကစားထားတာများကို အယ်လဘမ်ဖတ်လိုက်၊ ဓာတ်ပြားနားထောင်လိုက်နှင့် သဘောပေါက်ရုံမက အရသာရှိလွန်းလို့ အကြိမ်ကြိမ် နားထောင်ဖြစ်ကြသည်။ သည်လိုနှင့် အဖွဲ့သားတွေမှာ ဉာဏ်ပွင့်ကြတော့သည်။

mgyoe.com